# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန

## ကြေညာချက် (၁၀/၂၀၂၁)

ဩဂုတ်လ ၃၀ ရက် ၂၀၂၁ ခုနှစ်။

**တရားမဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစာရင်းကို ထုတ်ပြန်ကြေညာခြင်းနှင့် အဆိုပါရင်းနှီးမြှုပ်နှံမှုများအား ချွင်းချက်မရှိ ရပ်ဆိုင်းထားရန် အထူးသတိပေးတားမြစ်ခြင်း**

၁။ အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတော်အာဏာအား တရားမဝင်လုယူလိုက်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များ ထုတ်ပေးခြင်းကို ချွင်းချက်မရှိရပ်ဆိုင်းထားကြောင်း အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီက ခန့်အပ်တာဝန်ပေးအပ်သော ခေတ္တပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၁ ကို အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက အတည်ပြုဆက်ခံကြောင်း ကြေညာချက်အမှတ် ၃/၂၀၂၁ ကို ၂၀၂၁ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ရက်စွဲဖြင့် ထပ်မံထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ရက်စွဲဖြင့် တာဝန်ယူမှုရှိသော လုပ်ငန်းများအတွက် လမ်းညွှန်ချက်အား ကြေညာချက် အမှတ် ၆/၂၀၂၁ အဖြစ် ထုတ်ပြန်ရာတွင်လည်း အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ အဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုသည့် မည်သည့်ရင်းနှီးမြှုပ်နှံမှု အသစ်ကိုမဆို အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် အသိအမှတ်ပြုလက်ခံမည် မဟုတ်ကြောင်း အတိအလင်းဖော်ပြခဲ့ပြီးဖြစ်သည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရမှ ချမှတ်ကျင့်သုံးလျက်ရှိသောမူဝါဒတိုင်းသည် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်၏ အနှစ်သာရကို ထင်ဟပ်စေမည့်မူဝါဒမျိုးကိုသာ အခြေပြုရေးဆွဲလျက်ရှိပြီး အဆိုပါမူဝါဒများထဲတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

၅။ ယခုကဲ့သို့ တရားမဝင်အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတည်ပြုမိန့်၊ ခွင့်ပြုမိန့်များကို အလျင်စလို၊ လက်လွှတ်စပယ် ထုတ်ပေးနေခြင်းသည် ပြည်သူတရပ်လုံးလိုလားတောင့်တနေသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်ကို မျက်ကွယ်ပြု၍ ကျော်လွန်ဆောင်ရွက်ရာရောက်သည့်အတွက် သည်းခံခွင့်လွှတ်နိုင်ဖွယ် မရှိသော လုပ်ရပ်ဖြစ်သည်။

၆။ သို့ပါ၍ တရားမဝင်အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ထံမှ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များ ရယူ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အောက်ဖော်ပြပါ ကုမ္ပဏီများ၏ တရားမဝင်ရင်းနှီးမြှုပ်နှံမှုများအား ချွင်းချက်မရှိရပ်ဆိုင်းထားရန် အထူးသတိပေး တားမြစ်လိုက်သည်။

၇။ တားမြစ်ချက်အား လိုက်နာခြင်းမရှိသည့် ကုမ္ပဏီများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။

တင်ထွန်းနိုင်
ပြည်ထောင်စုဝန်ကြီး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

တရားမဝင် ခွင့်ပြုမိန့်နှင့်အတည်ပြုမိန့် ရယူ၍ဆောင်ရွက်လျက်ရှိသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (၁.၂.၂၀၂၁ မှ ၃၀.၆.၂၀၂၁ အထိ)

| စဉ် | လုပ်ငန်းအမည် | နိုင်ငံ | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှုပမာဏ | အမေရိကန်ဒေါ်လာ (သန်း) |
|---|---|---|---|---|---|
| ၁။ | TTCL Power Myanmar Co.,Ltd<br>ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ဂျပန် | Construction of 380 MW (GROSS) LIQUEFIED NATURAL GAS (LNG) POWER PLANT INCLUDING CONSTRUCTION AND OPERATION OF LNG TERMINAL, LNG IMPORTATION AND STORAGE FOR GENERATION AND SUPPLY OF ELECTRICITY | | ၅၁၅.၁၁၉ |
| ၂။ | Myanmar Heng Ya Investment Development Co., Ltd. | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ကန့်ပိုင်တီ စီးပွားရေးနယ်မြေ ဖော်ထုတ်၍ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း လုပ်ငန်း | | ၂၂.၄ |
| ၃။ | N Motors Company Limited | မြန်မာနိုင်ငံသား | မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင် ထုတ်လုပ်ခြင်း လုပ်ငန်း | ၆၇၉၉.၉၉ | ၀.၁၂၇ |
| ၄။ | Petro And Trans Co., Ltd | မြန်မာနိုင်ငံသား | IPP (BOO)စနစ်ဖြင့် ၁၂ မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း | ၁၀၀၀၀ | ၅.၉၇၄ |

တရားမဝင် ခွင့်ပြုမိန့်နှင့်အတည်ပြုမိန့် ရယူ၍ဆောင်ရွက်လျက်ရှိသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (၁.၂.၂၀၂၁ မှ ၃၀.၆.၂၀၂၁ အထိ)

| စဉ် | လုပ်ငန်းအမည် | နိုင်ငံ | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှုပမာဏ | အမေရိကန်ဒေါ်လာ (သန်း) |
|---|---|---|---|---|---|
| ၅။ | S Gemological Institute Co., Ltd. | မြန်မာနိုင်ငံသား | ကျောက်မျက် သုသေတန နှင့် ခေတ်ခွဲလုပ်ငန်း | ၂၀၀၀ | ၀.၁၀၄ |
| ၆။ | Clean Power Energy Co., Ltd. ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း | စင်ကာပူသမ္မတနိုင်ငံ | IPP(BOO)စနစ်ဖြင့် ၃၀ မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံး ဓါတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | | ၂၂ |
| ၇။ | Myanmar Golden Eagle Co., Ltd. ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း | ထိုင်းနိုင်ငံ | ဖန်ပုလင်းအမျိုးမျိုးထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း | | ၃၇ |
| ၈။ | Mee Lin Gyaing Electric Power Co., Ltd.ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း | (British Virgin Island) | IPP (BOT) စနစ်ဖြင့် ၁၃၉၀ မဂ္ဂါဝပ် LNG သုံး ဓါတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း | | ၂၅၀၄.၄၃၅ |